# ဖမ်းဆီးရမိသစ်/ သစ်တောထွက်ပစ္စည်း/ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချရာတွင် လိုက်နာရမည့် မြို့နယ်အဆင့်လုပ်ထုံးလုပ်နည်းများ

၁။ မြန်မာ့သစ်လုပ်ငန်းမှ လက်ခံရယူခြင်းမရှိ/ အကြောင်းပြန်ကြားခြင်းမရှိသော ပုံစံ(၈)ဝင်ဖမ်းဆီးရမိသစ်/ သစ်တောထွက်ပစ္စည်း/ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများစာရင်းကို ဦးစီးအရာရှိ မြို့နယ်မှူးကိုယ်တိုင်(၁၀၀%) ကွင်းဆင်းစစ်ဆေးအတည်ပြုပြီး ဓါတ်ပုံမှတ်တမ်းနှင့်အတူ အကျိုးအကြောင်းဖော်ပြ၍ ခရိုင်သစ်တောဦးစီးဌာနသို့ လေလံပစ်ခွင့် တင်ပြရမည်။

၂။ ခရိုင်မှ လေလံပစ်ခွင့်ပြုကြောင်း စီမံချက်ရေးဆွဲတင်ပြရန် အကြောင်းကြားလာပါက ပူးတွဲပါအချက်အလက်များပါဝင်သော လေလံစီမံချက်ပြုစုတင်ပြ ဆောင်ရွက်ရမည်။

၃။ အထူးကိစ္စရပ်ဖြင့်ခွင့်ပြုသော လပ်ပုံအတွက်မှတစ်ပါး ပုံစံ(၈)သစ်များအား လပ်ပုံစုပုံရာတွင် လပ်ပုံတစ်ပုံသည် ၁၅ တန်ထက်မကျော်စေရ။

၄။ လပ်ပုံတစ်ပုံထဲတွင် ပုံစံ(၈)သစ်များ တည်နေရာတစ်ခုထက်ပိုလာပါက အနီးကပ်ဆုံးတည်နေရာများကို ထည့်သွင်းရမည်။

၅။ ပြည်ထောင်စုရံပုံငွေနှင့် တိုင်းဒေသကြီးရံပုံငွေပေးသွင်းရန် သစ်များအား သီးခြားလပ်ပုံထိုင်ရမည်။

၆။ လပ်ပုံတစ်ပုံချင်းအလိုက် လပ်ပုံအမှတ်၊ ပုံစံ(၈)အမှတ်၊ သစ်မျိုး၊ ချောင်းရေ၊ တန် ပြည့်စုံစွာဖော်ပြထားသည့် ကပ်ပြား(Label)ရိုက်မှတ်ထားရမည်။

၇။ Label ရိုက်မှတ်ထားသော လပ်ပုံတစ်ပုံချင်းအလိုက် ဓါတ်ပုံမှတ်တမ်းတင်ထားရမည်။

၈။ ဦးစီးရုံးချုပ်၏ သစ်မျိုးအလိုက်၊ သတ်မှတ်ထားသည့် ကြမ်းခင်းဈေးဖြင့် တွက်ချက်ထားသည့် လပ်ပုံတန်ဖိုးကို လပ်ပုံ၏ အခြေခံကြမ်းခင်းဈေးအဖြစ် တွက်ချက်ဖော်ပြရမည်။

၉။ လပ်ပုံတစ်ခုချင်းအလိုက် ပုံစံ(၈)အမှတ်၊ သစ်အတိုင်းစာရင်း(S-18) စာမျက်နှာတိုင်းတွင် သက်ဆိုင်ရာတောအုပ်မှ လက်မှတ်ရေးထိုး ပြုစုတင်ပြ၍ မြို့နယ်ဦးစီးဌာနမှူး / ဦးစီးအရာရှိမှ စာရင်းချုပ်စာမျက်နှာတွင် စိစစ်အတည်ပြု လက်မှတ်ရေးထိုးပြီး ခရိုင်သစ်တောဦးစီးဌာနသို့ ပေးပို့တင်ပြထားရမည်။ (S-18) တွင် ရောင်းတံဆိပ်၊ လွှတ်တံဆိပ်၊ ရောင်းနံပါတ်စဉ်များ ကြိုတင်ရေးသွင်းရိုက်မှတ်ခြင်းမပြုရ။

၁၀။ ခရိုင်သစ်တောဦးစီးဌာနမှ ထုတ်ပေးသည့် လပ်ပုံများကြည့်ရှုခွင့်လက်မှတ်ပါသော လုပ်ငန်းရှင်များအား လပ်ပုံများတည်ရှိသည့် ဘီနယ်အလိုက် တာဝန်ခံဝန်ထမ်းများနှင့် ဦးစီးအရာရှိမှ ချိတ်ဆက်ဆောင်ရွက်ပေးရမည်။

၁၁။ လေလံဆွဲဝယ်မည့်သူများမှ လပ်ပုံများလာရောက်ကြည့်ရှုပြီးပါက သတ်မှတ်ပုံစံဖြင့် လက်မှတ်ရေးထိုးစေပြီး ဓါတ်ပုံမှတ်တမ်းရယူကာ ဘီနယ်တာဝန်ခံများမှ မြို့နယ်သစ်တောရုံးသို့ လပ်ပုံများကြည့်ရှုသည့်စာရင်းမှတ်တမ်း ပေးပို့တင်ပြရမည်။

၁၂။ ခရိုင်သစ်တောဦးစီးဌာနမှ လေလံအောင်မြင်သူများစာရင်းနှင့်အတူ လပ်ပုံအလိုက် သစ်အတိုင်းစာရင်း၊ (S-18)များ ပူးတွဲလျက် ၂၅ % အခွန်တော်ပေးသွင်းခွင့် အကြောင်းကြားလာပါက (၂၄)နာရီအတွင်း တိုင်းဒေသကြီး/ပြည်နယ်ရုံပုံငွေစာရင်းသို့ ပေးသွင်းနိုင်ရန်နှင့် ကျန် ၇၅ % အား (၇)ရက်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်ရုံပုံငွေစာရင်းသို့ ပေးသွင်းနိုင်ရေး စီမံဆောင်ရွက်ပေးရမည်။

၁၃။ သတ်မှတ်ရက်အတွင်း အခွန်ငွေပေးသွင်းလာခြင်းမရှိသည့် လေလံအောင်မြင်သူများစာရင်းကို လေလံစည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ခရိုင်သစ်တောဦးစီးဌာနသို့ အချိန်နှင့် တပြေးညီ တင်ပြရမည်။

၁၄။ အခွန်ငွေအပြည့်အဝပေးသွင်းပြီးသည့် လေလံအောင်မြင်သူများ၏ လပ်ပုံများအတွက် လွှတ်တံဆိပ်၊ ရောင်းတံဆိပ်၊ ရောင်းနံပါတ်စဉ်များ ရိုက်မှတ်ပေးရမည်။

၁၅။ တန်ဖိုးငွေအပြည့်အဝပေးသွင်းပြီးသည့် လပ်ပုံများအတွက် လွှတ်တံဆိပ်၊ ရောင်းတံဆိပ်များ ရိုက်မှတ်ပြီးပါက ဘီလ်ပြေစာထုတ်ပေးနိုင်ရန်အတွက် ငွေသွင်းချလံ(ပ)မူရင်း၊ ချလံမိတ္တူတို့နှင့်အတူ (S-18) ပူးတွဲလျက် ခရိုင်သစ်တောဦးစီးဌာနသို့ အချိန်နှင့် တပြေးညီ တင်ပြရမည်။

၁၆။ ခရိုင်သစ်တောဦးစီးဌာနမှ လေလံအောင်မြင်သူ၏ လပ်ပုံအလိုက် ဘီလ်ပြေစာများ ပေးပို့လာပါက သတ်မှတ်ရက်အတွင်း လေလံအောင်မြင်သူထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

၁၇။ သတ်မှတ်ရက်အတွင်း လွှဲပြောင်းပေးအပ်ပြီးစီးသော လပ်ပုံများစာရင်းကို ခရိုင်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းလက်ခံမှတ်တမ်း (ပုံစံပူးတွဲ) မိတ္တူနှင့်အတူ လွှဲပြောင်းပြီး (၇)ရက်အတွင်း အစီရင်ခံတင်ပြရမည်။

၁၈။ သတ်မှတ်ရက်အတွင်း လာရောက်လက်ခံမှုမရှိသည့် လေလံအောင်မြင်သူများနှင့် လပ်ပုံများစာရင်းကို သတ်မှတ်ရက်ကျော်လွန်ပြီးသည်နှင့် ခရိုင်သစ်တောဦးစီးဌာနသို့ အစီရင်ခံတင်ရမည်။

၁၉။ လက်ခံပြီးစီးသော လပ်ပုံများကို သတ်မှတ်ရက်အတွင်း သယ်ယူရွှေ့ပြောင်းခြင်းမရှိသည့် လေလံ အောင်မြင်သူများ၏ ဘီလ်ပြေစာများစာရင်းကို သတ်မှတ်ကာလကျော်လွန်သည်နှင့် ခရိုင်သစ်တော ဦးစီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၂၀။ လေလံအောင်မြင်သော သစ်များအား တိုင်းဒေသကြီး/ပြည်နယ်အတွင်း မြို့နယ်ကျော်သယ်ယူခြင်းအား (၃)လအတွင်း အပြီးအပြတ်မျောစာထုတ်သယ်ယူခြင်းမရှိပါက လေလံအောင်မြင်သူသို့ သတိပေးနှိုးဆော်ရမည်။

**.................. ခရိုင် / .....................မြို့နယ် သစ်တောဦးစီးဌာန၊ လေလံတင်ရောင်းချလိုသည့် ပုံစံ(၈)ဝင် ဖမ်းဆီးရမိသစ် / သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း / သစ်စက်နှင့် ဆက်စပ်ပစ္စည်းများစာရင်း**

| စဉ် | ပုံစံ(၈)အမှတ် | သစ်မျိုး / ပစ္စည်းအမျိုးအမည် | အရေအတွက် | ပမာဏ (တန်) | ပစ္စည်းတည်နေရာ | ပစ္စည်းများ၏ အခြေအနေ |
|---|---|---|---|---|---|---|
| | | | | | | |

- **ဓါတ်ပုံမှတ်တမ်းများ ပူးတွဲဖော်ပြရန်**

**မှတ်ချက်** လေလံစီမံချက်အပိုဒ်(၅)တွင် ဖြည့်သွင်းရမည်။

**လေလံစီမံချက်ရေးဆွဲရာတွင် ပါဝင်ရမည့် အချက်များ**

(၁) နိဒါန်း

- လေလံတင်ရောင်းချခွင့် တင်ပြခဲ့သည့် အခြေအနေ

(၂) ရည်ရွယ်ချက်

- အကျဉ်း(ကြာရှည်ထားပါက ဆွေးမြေ့ပျက်စီးနိုင်ခြင်း၊ တန်ဖိုးလျော့နည်းကျဆင်းနိုင်ခြင်း၊ ဘဏ္ဍာငွေတိုးတက်ရရှိနိုင်ခြင်း)ဖော်ပြသွားရန်

(၃) လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်းခြင်း

| | | |
|---|---|---|
| (က) | ဉက္ကဋ္ဌ ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ (သို့မဟုတ်) ခရိုင်စီမံခန့်ခွဲမှုကော်မတီဉက္ကဋ္ဌမှ တာဝန်ပေးအပ်သူ | ဉက္ကဋ္ဌ |
| ( ခ ) | တိုင်းဒေသကြီး/ပြည်နယ် ၊ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဂ ) | ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် အရပ်ဖက်ကိုယ်စားလှယ် | -။- |
| (ဃ) | တိုင်းဒေသကြီး/ပြည်နယ် ၊ မြန်မာ့သစ်လုပ်ငန်းမှကိုယ်စားလှယ် | -။- |
| ( င ) | လက်ထောက်ညွှန်ကြားရေးမှူး ၊ ခရိုင်သစ်တောဦးစီးဌာန | -။- |
| ( စ ) | ဉက္ကဋ္ဌမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(၄) လေလံတင်ရောင်းချမည့်အစီအစဉ်

- အကျဉ်းချုပ်ဖော်ပြရန်။

(၅) လေလံတင်ရောင်းချမည့် ပုံစံ(၈)သစ်များစာရင်း

- ပုံစံ(၈)တည်နေရာပြဇယား
- မြန်မာ့သစ်လုပ်ငန်းမှ မယူလိုကြောင်း ပြန်ကြားစာ (သို့မဟုတ်) ရက်ပေါင်း (၂၀) ကျော်လွန်သည့် အကြောင်းကြားစာများ ပူးတွဲတင်ပြရန်။

(၆) လပ်ပုံစာရင်းနှင့် အခြေခံကြမ်းခင်းဈေးနှုန်းတွက်ချက်မှု

- လပ်ပုံအလိုက် အခြေခံကြမ်းခင်းဈေးနှုန်းတွက်ချက်မှု လပ်ပုံအလိုက် ကြမ်းခင်းဈေးနှုန်းအား သစ်မျိုး/အုပ်စုအလိုက် ဌာနမှသတ်မှတ် ကြမ်း ခင်းဈေးနှုန်းဖြင့် တွက်ချက်ဖော်ပြရမည် ။ (ဇယားပူးတွဲ)

(၇) အများသိစေရန် ကြော်ငြာခြင်း

- လေလံကြော်ငြာစာမူကြမ်း ထည့်သွင်းတင်ပြရန်။

(၈) လေလံတင်ရောင်းချမည့် ပစ္စည်းများအား ကြည့်ရှုခွင့်ပြုခြင်း

- ခရိုင်သစ်တောဦးစီးဌာနမှ ထုတ်ပေးသော ကြည့်ရှုခွင့်လက်မှတ်ဖြင့် ကြည့်ရှုစေမည်ဖြစ်ကြောင်း ဖော်ပြရန်။

(၉) ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း

- နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လေလံတင်ရောင်းချရေး ကြီးကြပ်မှုကော်မတီမှ အတည်ပြုထားသော ချိတ်ပိတ်ကြမ်းခင်းဈေးအရ လေလံပွဲ မစတင်မီ (၁)နာရီခန့်အလိုတွင် ခရိုင်လေလံတင်ရောင်းချရေးလုပ်ငန်းကော်မတီဝင်များ ဖွင့်ဖောက်ကြည့်ရှုဆောင်ရွက်ရမည်။

(၁၀)လေလံစည်းကမ်းချက်များ သတ်မှတ်ခြင်း

- သစ်တောဦးစီးရုံးချုပ်မှ အတည်ပြုပြီးဖြစ်သည့် လေလံစည်းကမ်းတွင် လိုအပ်သည်များဖြည့်စွက်၍ ထည့်သွင်းဖော်ပြရန်။

(၁၀)စဘော်ငွေလက်ခံသိမ်းဆည်းခြင်း / ပြန်အမ်းခြင်း

- လေလံစည်းကမ်းပါအချက်များနှင့် ကိုက်ညီဖော်ပြရန်။

(၁၁) လေလံအောင်မြင်သူများသို့ ပစ္စည်းများထုတ်ပေးခြင်း

- လေလံစည်းကမ်းပါအချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြရန်။

(၁၂) လေလံအောင်မြင်ပြီးဆုံးကြောင်း အစီရင်ခံတင်ပြခြင်း

- လေလံတင်ရောင်းချပြီးစီးကြောင်း အစီရင်ခံစာအား လေလံပွဲပြီးဆုံး၍ (၂၁)ရက်အတွင်း ခရိုင်သစ်တောဦးစီးဌာနသို့ ပြုစုတင်ပြရမည်။

# လပ်ပုံစာရင်းနှင့် အခြေခံကြမ်းခင်းဈေးနှုန်းတွက်ချက်မှု

| လပ်ပုံ အမှတ် | ပုံစံ(၈)အမှတ် | သစ်မျိုး/ ပစ္စည်း အမျိုး အမည် | အရေ အတွက် | ပမာဏ (တန်) | ဌာနကြမ်းခင်းဈေးဖြင့် တွက်ချက်မှု | | ပေါင်း |
|---|---|---|---|---|---|---|---|
| | | | | | နှုန်း | သင့်ငွေ | |
| ၁ | | | | | | | |
| လပ်ပုံ(၁)အတွက် အခြေခံကြမ်းခင်းဈေး | | | | | | | |
| ၂ | | | | | | | |
| လပ်ပုံ(၂)အတွက် အခြေခံကြမ်းခင်းဈေး | | | | | | | |

## ဖမ်းဆီးရမိသစ်/ သစ်တောထွက်ပစ္စည်း/ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချရာတွင် လိုက်နာရမည့် ခရိုင်အဆင့်လုပ်ထုံးလုပ်နည်းများ

၁။ မြို့နယ်များ၏ ပုံစံ(၈)လက်ကျန်များပြားမှု ရှိမနေစေရေး။ စဉ်ဆက်မပြတ် စစ်ဆေး၍ လေလံတင်ရောင်းချနိုင်ရေးအသိပေးနိုးဆော်ရမည်။

၂။ မြို့နယ်များမှ လေလံတင်ရောင်းချခွင့်ပြုရန် တင်ပြလာသည့် ပုံစံ(၈)ဝင် ဖမ်းဆီးရမိသစ်များ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ၏ ပုံစံ(၈)အမှတ်၊ သစ်မျိုး / အမျိုးအစား၊ အရေအတွက်၊ တန်၊ ပမာဏ၊ ဓါတ်ပုံမှတ်တမ်း၊ ပစ္စည်းများအခြေအနေ မှန်ကန်မှုရှိ/မရှိ၊ ကျန်ရှိနေခြင်းရှိ/မရှိ စစ်ဆေးအတည်ပြုခြင်း၊ သက်ဆိုင်ရာမြို့နယ်သို့ ကွင်းဆင်း၍ လေလံတင်ရောင်းချမည့် သစ်/ ပစ္စည်းများ၏ ၂၅ % စစ်ဆေးခြင်း၊ ပြည်နယ်သစ်တောဦးစီးဌာနသို့ လေလံတင်ရောင်းချခွင့်ပြုပါရန် ဆက်လက်တင်ပြရမည်။

၃။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက မြို့နယ်သစ်တောဦးစီးဌာနသို့ လေလံစီမံချက်ရေးဆွဲတင်ပြရန် ရက်သတ်မှတ်၍ အကြောင်းကြားရန်နှင့် မြို့နယ်သစ်တောဦးစီးဌာန၏ လေလံစီမံချက်အား စိစစ်၍ ဆက်လက်တင်ပြရမည်။

၄။ လေလံကြော်ငြာများ ဖြန့်ဝေခြင်း၊ လျှောက်လွှာ/ လေလံစည်းကမ်းချက်များ ရောင်းချခြင်း၊ လေလံအာမခံကြေးပေးသွင်းခြင်း၊ လေလံကော်မတီဝင်များသို့ အကြောင်းကြားခြင်းများအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။ လေလံကြော်ငြာများအား တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ ပေးပို့ရမည်။ ခရိုင်လေလံတင်ရောင်းချရေးကော်မတီ ဥက္ကဋ္ဌသို့ လေလံတင်ရောင်းချမည့်စာရင်းများကို မိတ္တူပေးပို့ရမည်။

၅။ လျှောက်လွှာနှင့် လေလံစည်းကမ်းချက်များ ရောင်းချရငွေများကို အခြားရငွေစာရင်းခေါင်းစဉ်၌ ဖော်ပြ၍ ဘဏ်သို့ ပေးသွင်းရမည်။

၆။ လျှောက်လွှာနှင့် လေလံစည်းကမ်းချက်များ လာရောက်ဝယ်ယူသူများကို ဝယ်ယူသည့် အမှတ်စဉ်အလိုက် လေလံကြည့်ရှုခွင့်လက်မှတ်ထုတ်ပေးရမည်။

၇။ လပ်ပုံများအား စစ်ဆေးကြည့်ရှုပြီး၍ လုပ်ငန်းရှင်မှ မိမိဝယ်ယူလိုသည့် လပ်ပုံများအတွက် PO Cheque ပေးသွင်းလိုကြောင်း တင်ပြလာပါက စီစဉ်ဆောင်ရွက်ပေးရမည်။

၈။ PO Cheque ပေးသွင်းပြီးကြောင်း ပြန်လည်တင်ပြလာသည့် လုပ်ငန်းရှင်များအား ပူးတွဲပါ လေလံအာမခံကြေးငွေရပြေစာဖြတ်ပိုင်းတွင် ရေးသွင်း၍ မူရင်းကို လေလံဆွဲဝယ်ယူမည့်သူထံသို့ ထုတ်ပေးရမည်။ လေလံအာမခံကြေး ပေးသွင်း၊ ထုတ်ပေး မှတ်ပုံတင်ဇယား၌ ဖြည့်သွင်းရမည်။

၉။ လေလံတင်ရောင်းချရရှိမှုအား သတ်မှတ်ပုံစံဇယားဖြင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လေလံတင်ရောင်းချရေးကြီးကြပ်မှုကော်မတီသို့ ခရိုင်လေလံတင်ရောင်းချရေးလုပ်ငန်းကော်မတီမှ ပဏာမအစီရင်ခံတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။ (ပူးတွဲ)

၁၀။ လေလံပွဲပြီးဆုံးပါက လေလံမအောင်မြင်သူများ၏ လေလံအာမခံကြေးငွေများအား (၂၄) နာရီအတွင်း ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။

၁၁။ လေလံအောင်မြင်သူမှ လပ်ပုံတစ်ခုစီအတွက် လေလံအောင်မြင်သည့် တန်ဖိုး၏(၂၅%)ကို ပြည်ထောင်စုဘဏ္ဍာရုံပုံငွေစာရင်းသို့ (၂၄)နာရီအတွင်း ပေးသွင်းနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်။ လပ်ပုံတစ်ခုစီအတွက် လေလံအောင်မြင်သည့်တန်ဖိုးကို ပြည်ထောင်စုဘဏ္ဍာရုံပုံငွေစာရင်းသို့ သတ်မှတ်ကာလအတွင်း အပြည့်အဝပေးသွင်းပြီးပါက လေလံအောင်မြင်သူများ၏ လေလံအာမခံကြေးများအား (၂၄)နာရီအတွင်း ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။

၁၂။ လေလံမအောင်မြင်သူများ၏ လေလံအာမခံကြေးငွေများကို (၇)ရက်အတွင်း ထုတ်ယူခြင်းမရှိပါကလည်းကောင်း၊ လေလံအောင်မြင်သူများသည် လေလံအောင်မြင်ပြီး(၂၄)နာရီအတွင်း ပေးသွင်းရမည့် (၂၅%)အား ပေးသွင်းခြင်းမရှိပါကလည်းကောင်း၊ ပေးသွင်းရန်ကျန်ရှိသည့် ၇၅ % ကို (၇)ရက်အတွင်း အကြေပေးသွင်းခြင်းမရှိပါကလည်းကောင်း ၊ လေလံစည်းကမ်းချက်ပါအချက်များနှင့် အညီ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည်။

၁၃။ လေလံအောင်မြင်သူများမှ လေလံအောင်မြင်ဈေးနှုန်းများကို အပြည့်အဝပေးချေပြီးပါက လေလံတင်ရောင်းချပြီးစီးကြောင်း အစီရင်ခံစာအား လေလံပွဲပြီးဆုံး၍ (၂၁)ရက်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်သစ်တောဦးစီးဌာနသို့ ပြုစုတင်ပြရမည်။ (ပူးတွဲ)

၁၄။ လေလံအောင်မြင်သည့် လပ်ပုံအလိုက် ပေးသွင်းရမည့်အခွန်ငွေများအား လေလံအောင်မြင်သူ နေရပ်လိပ်စာ၊ လပ်ပုံအမှတ်၊ သစ်မျိုး၊ တန်၊ သစ်အတိုင်းစာရင်း (S-18 ပ/ဒ/တ) များ ပြန်လည်ပူးတွဲ၍ သက်ဆိုင်ရာမြို့နယ်သို့ အကြောင်းကြားရမည်။

၁၅။ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနတွင် အခွန်ငွေအပြည့်အဝပေးသွင်းပြီးသည့် လပ်ပုံများအတွက် ဘီလ်ပြေစာထုတ်ပေးခြင်းအား အချိန်နှင့်တပြေးညီ ဆောင်ရွက်၍ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသို့ ပေးပို့ရမည်။

၁၆။ သတ်မှတ်ရက်အတွင်း လာရောက်လက်ခံခြင်းမရှိသည့် လပ်ပုံများစာရင်း၊ လက်ခံပြီးစီး၍ သတ်မှတ်ရက်အတွင်း သယ်ယူပြောင်းရွှေ့ခြင်းမရှိသည့် လပ်ပုံများအား မြို့နယ်သစ်တောဦးစီးဌာနမှ တင်ပြလာပါက လေလံစည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လေလံတင်ရောင်းချရေးကြီးကြပ်မှုကော်မတီသို့ အချိန်နှင့်တပြေးညီ တင်ပြအစီရင်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

သို့

လက်ထောက်ညွှန်ကြားရေးမှူး

သစ်တောဦးစီးဌာန

......................ခရိုင် / မြို့နယ်

ရက်စွဲ ၊ ...................

အကြောင်းအရာ ။ **လေလံဆွဲဝယ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ ဦး/ဒေါ်…..……….. သည် ………………… ခရိုင်၊ …………….မြို့နယ် တွင် ………………………… လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူ ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မ၏ လုပ်ငန်းခွင့်ပြုမိန့်လိုင်စင်အမှတ်မှာ ………………….. ဖြစ်ပါသည်။ လိုင်စင်နှင့် နိုင်ငံသားမှတ်ပုံတင် မိတ္တူပူးတွဲ၍ တင်ပြအပ်ပါသည်။ ကျွန်တော် / ကျွန်မ လေလံဆွဲဝယ်ယူလိုသည့် လပ်ပုံအမှတ်များမှာ (…………………… ၊ …………………… ၊…………………… ) တို့ ဖြစ်ပါသည်။ လေလံပွဲသို့ ကျွန်တော်/ကျွန်မကိုယ်တိုင် (သို့မဟုတ်) ကျွန်တော် / ကျွန်မ၏ ………… တော်စပ်သူမှ ကျွန်တော် / ကျွန်မ၏ ကိုယ်စားတက်ရောက်မည်ဖြစ်ပါသည်။ အိမ်ထောင်စုစာရင်း (ပုံစံ ၆၆ / ၆) ကုမ္ပဏီများ မှတ်ပုံတင်မိတ္တူ၊ (Form-XXVI) ပူးတွဲတင်ပြအပ်ပါသည်။

လျှောက်ထားသူ

အမည် - …………………………

မှတ်ပုံတင်အမှတ် - …………………………

နေရပ်လိပ်စာ - …………………………

…………………………

**<u>ဖမ်းဆီးရမိသစ်/ သစ်တောထွက်ပစ္စည်း/ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ ဈေးပြိုင်စနစ်ဖြင့်</u>**

**<u>လေလံတင်ရောင်းချခြင်း</u>**

**နေပြည်တော်ကောင်စီ / ........................ တိုင်းဒေသကြီး/ပြည်နယ်**

**<u>လေလံအာမခံကြေးပေးသွင်းခြင်း ပြေစာဖြတ်ပိုင်း</u>**

**အမှတ်စဉ် (          )**

(၁) လေလံအမှတ်စဉ် - ...................................................

(၂) လေလံဆွဲဝယ်မည့်သူ၏ လုပ်ငန်း

(က) စက်သေး/ စက်ကြီးလိုင်စင်အမှတ် - ...................................................

အချောထည်စက်လိုင်စင်အမှတ် - ...................................................

လွှာထိုးစက်လိုင်စင်အမှတ် - ...................................................

သစ်အရောင်းဆိုင်ခွင့်ပြုမိန့်အမှတ် - ...................................................

ပရိဘောဂလုပ်ငန်းလိုင်စင်အမှတ် - ...................................................

(ခ) ပိုင်ရှင်အမည် - ...................................................

(၂) လေလံဆွဲဝယ်မည့်သူ

အမည် - ...................................................

မှတ်ပုံတင်အမှတ် - ...................................................

နေရပ်လိပ်စာ - ...................................................

...................................................

...................................................

(၃) လေလံဆွဲဝယ်မည့် လပ်ပုံအမှတ်များ - ...................................................

...................................................

(၄) PO Cheque အမှတ် - ...................................................

...................................................

...................................................

ဘဏ်သို့ပေးသွင်းသည့် ရက်စွဲ - ...................................................

(၅) PO Cheque ဖြတ်ပိုင်းလက်ခံသူ

အမည် - ...................................................

ရာထူး - ...................................................

မြို့နယ် - ...................................................

## လေလံတင်ရောင်းချပြီးစီးကြောင်း အစီရင်ခံစာ

(က) အခွင့်အာဏာ

( ခ ) လေလံတင်ရောင်းချသည့် နေရာ

( ဂ ) လေလံတင်ရောင်းချသည့် ရက်စွဲ / အချိန်

(ဃ) လေလံတင်ရောင်းချသည့်ကော်မတီဝင်များ(အမည် ၊ ရာထူး တိတိကျကျဖော်ပြရန်)

( င ) ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း

နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လေလံတင်ရောင်းချရေး ကြီးကြပ်မှုကော်မတီဝင်မှ ချိတ်ပိတ်အတည်ပြုခဲ့သော ဇယားပူးတွဲ တင်ပြရန်။

( စ ) လေလံဆွဲဝယ်ယူသူများစာရင်း

လပ်ပုံအလိုက်လေလံဆွဲဝယ်ယူမည့်သူများစာရင်းအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။ (ဇယားပူးတွဲ ဖြည့်သွင်းရန်)

(ဆ) လေလံအောင်မြင်သူများစာရင်း

လပ်ပုံအလိုက်လေလံအောင်မြင်သူများစာရင်းအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။ (လပ်ပုံတစ်ခုချင်းစီအလိုက် လေလံဈေး ပေးသွင်းမှုမှတ်တမ်းအား လေလံကော်မတီဝင်များ အတည်ပြုလက်မှတ်ရေးထိုးရမည် - ဇယားများ ပူးတွဲ)

( ဇ ) လေလံတင်ရောင်းချရရှိငွေ

လပ်ပုံတစ်ခုချင်းစီအလိုက် သတ်မှတ်ကြမ်းခင်းဈေးများ၊ လေလံ အောင်မြင်သည့် ဈေးနှုန်း၊ ပိုမိုရောင်းချရငွေများအား ဇယားဖြင့်ဖော်ပြရန်။

( ဈ ) အာမခံကြေးငွေပေးသွင်းခြင်းနှင့် ပြန်လည်ထုတ်ပေးခြင်း

လေလံစည်းကမ်းအပိုဒ် (၄)၊ (၁၂) ၊(၁၃) စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြရန်။

(ည) နိဂုံး

( ဋ ) လေလံကြမ်းခင်းဈေးသတ်မှတ်ခြင်းဓါတ်ပုံ၊ လေလံလပ်ပုံတစ်ခုစီအလိုက် ဈေးပေးဝယ်ယူမှု ဓါတ်ပုံမှတ်တမ်းများ၊ ငွေသွင်းချလံများ ပူးတွဲဖော်ပြရန်။

## လေလံအောင်မြင်သူများစာရင်း

| စဉ် | လပ်ပုံအမှတ် | အမည် | နေရပ်လိပ်စာ | လေလံအောင်မြင်သည့် ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ၁ | | | |
| ၂ | ၂ | | | |
| ၃ | ၃ | | | |

ဖမ်းဆီးရမိသစ်/ သစ်တောထွက်ပစ္စည်း/ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

နေပြည်တော်ကောင်စီ / ........................ တိုင်းဒေသကြီး / ပြည်နယ်

................ ခရိုင်သစ်တောဦးစီးဌာန၊ ............. မြို့နယ်

လေလံအမှတ်စဉ် ၊ /၂၀၁၈

လေလံအာမခံကြေး ပေးသွင်း၊ ထုတ်ပေး မှတ်ပုံတင်စာရင်း

| အမှတ်စဉ် | အမည် | မှတ်ပုံတင်အမှတ် | ပေးသွင်းသည့် အာမခံကြေးငွေ | ဆွဲဝယ်မည့် လပ်ပုံ အမှတ်များ | PO Cheque အမှတ် | အာမခံကြေးငွေ ပြန်လည်လက်ခံရရှိကြောင်း လက်မှတ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |

## ………………… မြို့နယ် ၊ သစ်တောဦးစီးဌာန

## လေလံဆွဲဝယ်ယူသူများစာရင်း

| စဉ် | အမည် | နေရပ် | လုပ်ငန်း အမျိုးအစား | လပ်ပုံအမှတ် | လက်မှတ် |
|---|---|---|---|---|---|
| | | | | | |

## လေလံတင်ရောင်းချရရှိငွေ

| စဉ် | လပ်ပုံအမှတ် | ကြမ်းခင်းဈေး | လေလံအောင်မြင်ဈေး | ပိုမိုရောင်းချရရှိငွေ |
|---|---|---|---|---|
| | | | | |
| ပိုမိုရောင်းချရရှိငွေ စုစုပေါင်း | | | | |